www.burmeseclassic.com

အတွဲ ၃၊ အမှတ် ၃၀။

1 August 2013

အပတ်စဉ်ကြာသပတေးနေ့တိုင်း

ယင်းမာမှ စိစစ်သည်။

ကျောင်းမှန်မှန်တက် စာမခက်

# ပုတက်

# PUTET COMICS 30

အပတ်စဉ် ရောင်စုံ ကာတွန်း ဂျာနယ်

ကလေးလူကြီးအားလုံးပျော်ရွှင်ဖို့ ပုတက်ကာတွန်း ဖတ်ကြစို့။



www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

မောင်မောင် - ပိန်ပိန်ရေရေ၊ ပြဲ့ရှိ - သငယ်ချင်း၊ တင်အောင်နီ - သိဝယ၊ သတ္တကမ္ဘာ၊ မြေဇာ - စိန်မျောက်မျောက်၊

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး - ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး - ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး - ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com







www.burmeseclassic.com

facebook https://www.facebook.com/PutetComics
www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


# အကြွေစောခဲ့တဲ့ ကြယ်တစ်ပွင့် ကိုရီမွန်တိသ်

# CORY ALLAN MICHAEL MONTEITH

(MAY 11, 1982 - JULY 13, 2013)



ကိုရီမွန်တိသ်ဟာ Fox ရုပ်သံလိုင်းက စီစဉ်တင်ဆက်နေတဲ့ နာမည်ကျော် ဂီတရုပ်သံဇာတ်လမ်းတွဲ Glee ရဲ့ အဓိက သရုပ်ဆောင်တစ်ဦးဖြစ်ပါတယ်။ ကိုရီရဲ့ဇာတိက ကနေဒါနိုင်ငံ Calgary မြို့ ဖြစ်ပေမဲ့ ဗစ်တိုးရီးယားမြို့မှာသာ ကြီးပြင်းလာခဲ့တာပါ။ မိဘတွေက သူ့အသက် ခုနစ်နှစ်အရွယ်မှာ လမ်းခွဲခဲ့ကြတာကြောင့် မိခင် Ann McGregor က ကိုရီနဲ့သူ့အစ်ကို ရှောင်န်တို့ကို တစ်ယောက်တည်း ခက်ခက်ခဲခဲနဲ့ ပြုစုပျိုးထောင်ခဲ့ရပါတယ်။ ကိုရီတို့ညီအစ်ကိုဟာ မိဘတွေကွာရှင်းပြီး နောက်ပိုင်း စစ်မှုထမ်းဆောင်နေတဲ့ သူ့အဖေဖြစ်သူဂျိုးနဲ့ သိပ်မတွေ့ဖြစ်တော့ပါဘူး။ ကိုရီဟာ အသက်ဆယ့်သုံးနှစ်အရွယ်ရောက်တော့ အရက်နဲ့ ဆေးခြောက်တွေကို စတင်သုံးစွဲလာတတ်ပါတယ်။ အဲဒီ့အချိန်ကစလို့ ကျောင်းလည်း မှန်မှန်မတက်တော့ပါဘူး။ ဒါကြောင့် အသက်ဆယ့်ခြောက်နှစ်အတန်းပညာ ကိုးတန်းရောက်တော့ ကျောင်းက ထွက်ခဲ့ရပါတယ်။ ကိုရီဟာ မူးယစ်ဆေးစွဲနေတာကြောင့် နောက်ပိုင်း သူငယ်ချင်းနဲ့ မိသားစုဝင်တွေဆီက ပိုက်ဆံတွေ ခိုးယူလာတဲ့အထိ ဖြစ်လာခဲ့ပါတယ်။ အဲဒီနောက်တော့ လူငယ်ပြုပြင်ရေးစင်တာတွေမှာ တက်ရောက်ပြီး ကုသမှုခံယူခဲ့ရပါတယ်။ အဲဒီကထွက်လာပြီး နောက်တော့ ကျောင်းတစ်ကျောင်းမှာ အထက်တန်း ပြီးဆုံးအောင်မြင်ခဲ့ပါတယ်။

ကိုရီဟာ အနုပညာလောကထဲ မဝင်ရောက်ခင်က Walmart ဈေးဝယ်စင်တာမှာ ဧည့်ကြို၊ တက္ကစီနဲ့ကျောင်းကား ဒရိုင်ဘာ၊ အမိုးပြင်သမားစတဲ့ အလုပ်မျိုးစုံကို ဝင်ရောက်လုပ်ကိုင်ဖူးပါတယ်။ အနုပညာလောကထဲကို Final Destination 3, Whisper, Deck the Halls စတဲ့ဇာတ်ကားတွေမှာ ဇာတ်ပို့နေရာက သရုပ်ဆောင်ရင်း ပါဝင်လာခဲ့တာပါ။ ၂၀၁၀ ခုနှစ် ဧပြီလမှာလည်း ဆလီနာဂိုမက်ဇ် ပါဝင်သရုပ်ဆောင်ထားတဲ့ Monte Carlo အချစ်ဇာတ်လမ်းမှာ ပါဝင်ခဲ့ပါတယ်။

Glee ဇာတ်လမ်းတွဲထဲ စတင်ပါဝင်ခဲ့တာကတော့ ၂၀၀၉ ခုနှစ်ကဖြစ်ပါတယ်။ အဲဒီ့ထဲမှာ Fin Hudson အနေနဲ့ သရုပ်ဆောင်ခဲ့တာပါ။ ဇာတ်လမ်းထဲမပါဝင်ခင် ထုတ်လုပ်သူ Ryan Murphy ဆီမှာ သရုပ်ဆောင်ဝင်ခွင့် ဗီဒီယို ပေးပို့တင်ပြခဲ့ရပါသေးတယ်။ ပထမ ဗီဒီယိုမှာ သူဒရမ်တီးထားတာကို တင်ပြခဲ့ပေမဲ့ Ryan Murphy က Glee ထဲမှာ ပါဝင်ဖို့ သရုပ်ဆောင်အပြင် အဆိုအကပါ တတ်မြောက် ရမယ်ဆိုတာကြောင့် သီချင်းဆိုထားတဲ့ ဗီဒီယိုကို နောက်တစ်ကြိမ် ပေးပို့ခဲ့ရပါသေးတယ်။ အဲဒီ့တော့မှ လော့စ်အိန်ဂျလိစ်မှာ ပြုလုပ်တဲ့ စုပေါင်းသရုပ်ဆောင်ဝင်ခွင့်ထဲ ရွေးခြယ်ခွင့်ရပြီး အောင်မြင်ခဲ့တာဖြစ်ပါတယ်။ ကိုရီဟာ Glee ဇာတ်လမ်းတွဲမှာ သရုပ်ဆောင်ရင်း Lea Michele နဲ့ချစ်ခင်စုံမက်ခဲ့ပါတယ်။ ကိုရီဟာ ၂၀၁၃ ခုနှစ်မတ်လ ၃၁ ရက်နေ့မှာတုန်းကလည်း ဆေးစွဲနေတာ ဖြတ်ဖို့ ကုသမှု ခံယူခဲ့ရပါတယ်။ အဲဒီ့ ကုသမှုက ဧပြီလ ၂၆ ရက်နေ့မှာ ပြီးဆုံးခဲ့ပါတယ်။ ဒါပေမဲ့ ကိုရီမွန်တိရှ်ဟာ ၂၀၁၃ ခုနှစ်ဂျူလိုင်လ ၁၃ ရက်နေ့က ကနေဒါနိုင်ငံ ဗင်ကူးဗားမြို့က ဟိုတယ်တစ်ခုမှာ ရုတ်တရက်ကွယ်လွန်သွားခဲ့ပါတယ်။ အလောင်း ခွဲစိတ်စစ်ဆေးမှုပြုလုပ်ခဲ့တဲ့ BC Coroners Service ကတော့ မူးယစ်ဆေးဝါး အသုံးလွန်မှုကြောင့် သေဆုံးခဲ့ရတယ်လို့ကောက်ချက်ချခဲ့ပါတယ်။ ကိုရီမွန်တိသ် ရရှိခဲ့တဲ့ ဆုတွေကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

**2009** Glee 16th Screen Actors Guild Awards Outstanding Performance by an Ensemble in a Comedy Series

**2010** Hollywood Style Awards 2010 Male Future Style Icon Award

**2011** Glee 2011 Teen Choice Awards Choice TV: Actor Comedy

**2012** GleeDo Something Awards 2012 TV Star: Male


www.burmeseclassic.com

အတန်းပညာ ကိုတော့ ဆိုင်းရောက်တော့ ကျောင်းက ဆောင်ထားတဲ့ www.burmeseclassic.com ... နေတာ ဖြစ်ဖို့

2012 GleeDo Something Awards 2012
TV Star: Male






# SUDOKU

## ဆူဒိုခု ကစားရအောင်

ဒေါင်လိုက်နဲ့ အလျားလိုက် လိုင်းတိုင်းမှာ ၁ ကနေ ၉ အထိ နံပါတ် တစ်စုံစီ ရှိရမယ်။ အပိုင်းကိုးခုပါတဲ့ ၃×၃ အကွက်တွေထဲမှာလည်း ၁ ကနေ ၉ အထိ တစ်စုံရှိရမယ်။

နံပါတ်တစ်ခုကို တစ်လိုင်းတည်း၊ တစ်ကွက်တည်းမှာ နှစ်ခါ ထပ်ထည့်လို့ မရဘူးနော်။ ဒီတစ်ပတ် ပေးထားတဲ့ ဆူဒိုခု နှစ်ကွက်မှာ လိုနေတဲ့ နံပါတ်တွေ စမ်းဖြည့်ကြည့်ပါဦး။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | 2 | 7 | | | 6 | 8 | | |
| | | | | | | 9 | | |
| | 4 | | | | | 1 | 5 | |
| 5 | | 9 | | | | | | |
| | | | 4 | | 7 | | 3 | |
| 1 | | | | 3 | 8 | | | |
| | | | | 2 | | | | 4 |
| 7 | | | | 1 | 4 | | | 5 |
| | | 3 | | 7 | | | 8 | 6 |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | 3 | | 7 | | 1 | | |
| | | | 9 | | | | | |
| | | | 6 | | 2 | | 5 | 4 |
| | | | | 5 | | | | 6 |
| | | 4 | | 8 | | | 3 | |
| 5 | | 9 | | 6 | | | 2 | 7 |
| 6 | 2 | | | | | | | |
| 7 | 4 | | 8 | | | 5 | | |
| | 9 | | | 4 | | | | |



www.burmeseclassic.com

www.burmeseclassic.com



# ယုံချင်ယုံ မယုံချင်နေ BeLiEVe iT OR nOt

## လူကလေး နှင့် စိတ်ကူးယဉ် ဓာတ်ပုံတစ္ဆာ

လှုပ်ရှားမှုပုံစံအပြည့်နဲ့ ဓာတ်ပုံရိုက်ခံရတာ လူကလေးအတွက်တော့ အဖိုးမဖြတ်နိုင်တဲ့ လက်ဆောင်တစ်ခုပါပဲ။ ကျွန်တော်တို့လို လူအများစုအတွက် ဒီလိုဓာတ်ပုံရိုက်ခံတာ ဘာမှထွေထွေထူးထူး မဟုတ်ပါဘူး။ ဒါပေမဲ့ လူကာအတွက်တော့ အိပ်မက်တစ်ခုလိုပါပဲ။ ဘာကြောင့်လဲဆိုတော့ လူစီလေးက Muscular Dystrophy ခေါ်အကြောသေရောဂါတစ်မျိုးကို ခံစားနေရလို့ပါပဲ။ Muscular Dystrophy ရောဂါဟာ ကြွက်သားတွေကို အားနည်းစေတဲ့အပြင် ကြွက်သွားမှာရှိတဲ့ တစ်ရှူးတွေကိုပါ ဆုံးရှုံးစေပါတယ်။ လူကာရဲ့ရောဂါအခြေအနေက အတော်လေးကို ဆိုးရွားနေပါပြီ။ သူ့ကိုယ်နှာကိုယ်တစ်ခုလုံးမှာ လှုပ်ရှားလို့ရတဲ့နေရာဆိုလို့ သူ့လက်ချောင်းတွေပဲ ကျန်ပါတော့တယ်။ ဒါပေမဲ့ အဲဒီရောဂါက သူ့ရဲ့စိတ်ကူးယဉ်အိမ်မက်တွေကို တားဆီးလို့မရပါဘူး။

လှုပ်ရှားမှုအပြည့်နဲ့ ဓာတ်ပုံအရိုက်ခံဖို့က လူကာရဲ့ဆန္ဒတွေအများကြီးထဲက တစ်ခုပါ။ သူ့ဆန္ဒကို ဖြည့်ဆည်းပေးဖို့ ဆလိုဗက်ကီးယန်း ဓာတ်ပုံဆရာ Matej Pelihan က ကူညီပေးခဲ့ပါတယ်။ လူကာလေးကို စိတ်ကျေနပ်မှုရစေဖို့ အတွက် စကိတ်စီးတဲ့ပုံစံ၊ ဘက်စကက်ဘော ကစားတဲ့ပုံစံ၊ ရေလွှာလှိုင်းစီးနေတဲ့ ပုံစံတွေကို ဆန်းသစ်တီထွင်ပြီး ရိုက်ကူးပေးခဲ့ပါတယ်။ Pelihan က သူရိုက်ကူးထားတဲ့ဓာတ်ပုံအယ်လ်ဘမ်ကို "မင်းသားလေး" The Little Prince လို့အမည်ပေးခဲ့ပါတယ်။ တကယ်လို့ လူကာလေး ဆော့ကစားချင်တဲ့စိတ်ပေါ်လာရင် အဲဒီဓာတ်ပုံလေးတွေကြည့်ပြီး စိတ်ကူးယဉ်လို့ရပါပြီ။

BURMESE CLASSIC .com










www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com


# ကလေးတို့ရေ!

ပုတက်ကို ဆက်သွယ်ချင်ရင်၊ အကြံပေးချင်ရင်
**e-mail** နဲ့ **Facebook** ကနေ ဆက်သွယ်လို့ရပါတယ်။

info.putet@gmail.com

https://www.facebook.com/PutetComics
Facebook မှာပုတက်ရဲ့ Page ကို Like လုပ်ထားလိုက်ဦး။
ကာတွန်းရောင်စုံက ကာတွန်းလေးတွေ ဖတ်လို့ရတယ်နော်။




## အမွေ

အပြန်အလှန် ကောင်းကင်ယံက
ကူးလူးကြတဲ့ ဝေလယာဉ်တွေ
ခေတ်သစ်ကိုလေ
ရောက်အောင်သွားဖို့
အပြိုင်အဆိုင် ထွင်နိုင်ပေ
သေးမွှားကိုပင် ဉာဏ်ယှဉ်ကြလို့
သုတေသန ပညာလေ
ဒုံးပျံအကြောင်း၊ လအကြောင်း၊
ဂြိုလ်ပေါင်းအများ အသရေ
လှေလှာကြ တို့တက်ပါမှ
လူကောင်းလူကျော် အမွေ။ ။
ထွန်းထွန်း(ဂီတမိတ်)






www.burmeseclassic.com

www.burmeseclassic.com



# ထူးဆန်းသောအမှန်တရားများ FREAKY FACTS





## သူတို့မှာလည်း နာမည်နဲ့

သတ္တဝါတွေထဲမှာ အသိဉာဏ်အရှိဆုံး သတ္တဝါဖြစ်တဲ့ လူသားတွေဟာ တစ်ယောက်နဲ့တစ်ယောက် ခေါ်ဆိုရလွယ်ကူအောင် အမည်နာမတွေသတ်မှတ်ထားကြပါတယ်၊ ဒါပေမဲ့ အဲ့လိုခေါ်ဆိုတာ လူတစ်မျိုးတည်း မဟုတ်ပါဘူး။ သုတေသနပညာရှင်တွေရဲ့လေ့လာချက်အရ လင်းပိုင်၊ ကျီးကန်းနဲ့ ကြက်တူရွေးတွေလည်း တစ်ကောင်နဲ့တစ်ကောင် မတူညီတဲ့ အသံတစ်မျိုးထုတ်လွှတ်ပြီး ခေါ်ဆိုတာကြောင့် လူတွေလိုအမည်ပေးပြီး ခေါ်ဆိုတာနဲ့ မခြားပါဘူး။





## အသက်အရှည်ဆုံးကိုယ်ချင်းဆက်အမွှာ

ကိုယ်ချင်းဆက်အမွှာတွေကို တွေ့နိုင်ခဲလှပါတယ်၊ များသောအားဖြင့် သူတို့တွေဟာ ခန္ဓာကိုယ်တည်ဆောက်ဖွဲ့စည်းပုံ ရှုပ်ထွေးမှုကြောင့် သက်တမ်းစေ့နေရလေ့ မရှိပါဘူး။ ဒါပေမဲ့ အမေရိကန်နိုင်ငံက Ronnie နဲ့ Donnie Galyon တို့ ညီအစ်ကိုနှစ်ယောက်ကတော့ ကိုယ်ချင်းဆက်အမွှာဖြစ်ပေမဲ့ အခြားသူတွေလိုပဲ ကျန်းမာသန်စွမ်းပါတယ်၊ သူတို့ကို ၁၉၅၁ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့မှာ မွေးဖွားခဲ့ပြီး ယခုတိုင် သက်ရှိထင်ရှားတွေ့မြင်နိုင်သေးတာကြောင့် လက်ရှိကမ္ဘာ့အသက်အရှည်ဆုံး ကိုယ်ချင်းဆက်အမွှာအဖြစ် သတ်မှတ်ထားပါတယ်။





## အမွေးထူရောဂါသို့မဟုတ် သမန်းဝံပုလွေရောဂါ

အမွေးထူရောဂါဆိုတာ ခန္ဓာကိုယ်ပေါ်မှာ ပုံမှန်မဟုတ်တဲ့ သဘာဝထက်လွန်ကဲပြီး အမွေးထူတွေပေါက်တာကို ခေါ်ဆိုတာပါ၊ အင်္ဂလိပ်လိုတော့ အမွေးထူတဲ့ ဝံပုလွေနဲ့တင်စားပြီး Werewolf Syndrome လို့အသိများကြပါတယ်၊ ဆေးပညာအရတော့ Congenital Generalized Hypertrichosis လို့ခေါ်ဆိုပါတယ်၊ အမွေးထူရောဂါနှစ်မျိုးရှိပါတယ်၊ တစ်ခုက ခန္ဓာကိုယ်အနှံ့အပြားမှာ အမွေးထူတွေပေါက်တာဖြစ်ပြီး ကျန်တစ်ခုက တစ်နေရာထဲမှာ စုရုံးပေါက်တာ ဖြစ်ပါတယ်၊ ဒီရောဂါက ဗီဇဖောက်ပြန်မှုကြောင့် ပေါ်ပေါက်လာတာဖြစ်ပြီး အများစုက မွေးကတည်းက ပါလာတတ်ပါတယ်။

www.burmeseclassic.com

ဖြစ်ပါတယ်၊ ဒီရောဂါက ... ည်၊ ကပါလာတတ်ပါတယ်၊

www.burmeseclassic.com





## YINMAR ONLINE STORE

www.amazon.com နှင့်အခြား သင်မှာယူလိုသော website များမှ USA ပစ္စည်းများကို
ဇွင်းဈေးရင်းအတိုင်း မှာယူနိုင်ပြီး ဒီအရောက်တန်ဖိုးမှာ -
[check-out price + US မှ မြန်မာပြည်အရောက် ပို့ခ ပေါင်ချိန်တစ်ပေါင် $6.00]
(Electronic Gadgets အတွက် extra fees ပေးဆောင်ရမည်။)
ကျသင့်တန်ဖိုး၏ 10% ကို ဝန်ဆောင်ခအတွက် ထည့်ပေါင်းပါသည်။
ပစ္စည်းတန်ဖိုး၏ တစ်ဝက်ကို ကြိုတင်ပေးသွင်းရပါမည်။

ယင်းမာတေးသံသွင်းသို့ ကိုယ်တိုင်လာပြီး Websites များတွင် ချက်ချင်းမှာယူပေးပါသည်။
**မနက် - ၉နာရီမှ ညနေ - ၆နာရီအတွင်းဖွင့်သည်။**

စုံစမ်းရန် - ယင်းမာတေးသံသွင်းအမှတ် ၂၂၂၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။ ဖုန်းနံပါတ် - ၀၁ - ၃၇၄၉၇၁၊ ဦးချစ်ခင် - ၀၉ - ၄၅၀၀ ၆၆၂၄၂

E-mail ဖြင့်လည်းဆက်သွယ်စုံစမ်းနိုင်ပါသည်။ E-mail - chitkhinlim@gmail.com


www.burmeseclassic.com

www.burmeseclassic.com
ပုတက်ကာတွန်းကို facebook မှာလည်း Like လုပ်ပေးပါဦးနော်။



## လေ့လာမှတ်သား မြန်မာ့ဆိုရိုးစကား MYANMAR SAYINGS



### အရှင်ချစ်ကြည့် ထီးနှင့်စည်၊ မည်မသင့်ကြား လည်နှင့်ဓား

အရှင်သခင်က ချစ်ကြည်လိုလားလျှင် အဆောင်အယောင် အခမ်းအနားတို့ကို ရရှိခံစားရသည်။ အရှင့်စိတ်နှင့် အခန့်မသင့်ပြန်ပါကလည်း အသက်ပင် ဆုံးရှုံးရသည်။



### အရှက်ရှိမှ အကြောက်ရှိသည်

မကောင်းမှုပြုရန် အရှက်တရားရှိသော သူမှသာ အကြောက်တရားရှိသည်။



### အရှင်မြင့်မှ ကျွန်မြင့်

မိမိအားထားရာအရှင်သခင် ကြီးပွားတိုးတက်မှ ကျွန်ဖြစ်သူလည်း ကြီးပွားတိုးတက်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ငါးမန်းတွေနဲ့ အတူရေကူးကြမယ်

ငါးမန်းနဲ့ရေကူးဖို့ဆိုတာ တော်ရုံလူဘယ်သူမှ စိတ်ကူးယဉ်ရဲကြမှာ မဟုတ်ပါဘူး။ ရေထဲမှာ ငါးမန်းနဲ့ တွေ့ခဲ့ရင်ဆိုတဲ့ အတွေးနဲ့တင် တုန်လှုပ်ခြောက်ခြားမိကြမှာပါ။ ဒါပေမဲ့ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်မှာ ရှိတဲ့ La Jolla ကမ်းခြေမှာ ငါးမန်းတွေနဲ့ ရေကူးတဲ့သူအများကြီးရှိပါတယ်။ အဲဒီမှာရှိတဲ့ ငါးမန်းတွေက ခန္ဓာကိုယ်ပေါ်မှာ အစက်အပြောက်တွေ ပါတဲ့အတွက် ကျားသစ်ငါးမန်းဆိုပြီး အသိများကြပါတယ်။ ဒါပေမဲ့ တစ်ခုရှိတာက သူတို့က လူတွေကို အန္တရာယ်လုံးဝမပြုတတ်တာပါပဲ။

နှစ်စဉ်ဇွန်လနဲ့ စက်တင်ဘာလအကြား ရောက်ပြီဆိုရင် ရာပေါင်းများစွာသော ကျားသစ်ငါးမန်းတွေဟာ La Jolla ကမ်းခြေရဲ့ ငြိမ်သက်တဲ့ရေပြင်ဆီမှာ နားစိုဖို့ ရောက်လာကြပါတယ်။ ကျားသစ်ငါးမန်းတွေရဲ့ အရှည်က ခြောက်ပေလောက် အထိရှိပါတယ်။ ဘေးဖက်မှာ ဆူးတောင်နှစ်ခုနဲ့ ကိုယ်ပေါ်မှာ ဆူးတောင်ရှည်ကြီးတစ်ခုပါရှိပါတယ်။ အမှန် တကယ်တော့ ကျားသစ်ငါးမန်းတွေရဲ့ နေထိုင်ပုံက အခြားသားစားငါးမန်းမျိုးတွေနဲ့ အခြေခံအားဖြင့် တူညီပါတယ်။ တစ်ခုကွာခြားတာက သူတို့ဟာ အနည်းငယ် ကြောက်ရွံ့တတ်တာကြောင့် လူကိုတွေ့တာနဲ့ ထွက်ပြေးသွားတတ်တာပါပဲ။ ပြီးတော့ ကျားသစ်ငါးမန်းတွေရဲ့ ပါးစပ်က သေးငယ်တာကြောင့် ပုဇွန်၊ ကမာနဲ့ ငါးသေးလေးတွေကိုသာ ဖမ်းယူစားသောက် နိုင်ပါတယ်။ ဒါကြောင့် ကျားသစ်ငါးမန်း ကိုက်ခံရပြီ ဆိုရင်တောင် ပြင်းပြင်းထန်ထန် ဒဏ်ရာရမှာ မဟုတ်ပါဘူး။

La Jolla ကမ်းခြေကို ဘာကြောင့် ကျားသစ် ငါးမန်းတွေ အများကြီးလာရောက်တာလဲ ဆိုတာကိုတော့ သုတေသန ပညာရှင်တွေ အတိအကျမသိကြသေးပါဘူး။ ဒါပေမဲ့ လာရောက်ကြတဲ့ ငါးမန်းတွေထဲမှာ သန္ဓေဆောင်ထားရတဲ့ ငါးမန်းအမတွေ အများကြီး ပါနေတာကိုတော့ လေ့လာတွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် အဲဒီငါးမန်းတွေဟာ La Jolla ကမ်းခြေရဲ့ နွေးထွေးပြီး ငြိမ်သက်တဲ့ ရေပြင်မှာ သန္ဓေဆောင်စဉ် ကာလအတွင်း ခဏလာ ရောက်နားနိုင်တာဖြစ်မယ်လို့ ကောက်ချက်ချထားကြပါတယ်။ ဇွန်လဆန်းမှာ ကျားသစ်ငါးမန်းတွေစတင်ရောက်လာကြပေမဲ့ အများဆုံး လာရောက်လေ့ရှိတာကတော့ ဩဂုတ်နဲ့ စက်တင်ဘာလအကြား ဖြစ်ပါတယ်။ ငါးမန်းတွေနဲ့ရေကူးတဲ့အကြောင်း သူငယ်ချင်းတွေကို ပြန်ကြွားချင်တယ် ဆိုရင်တော့ ဒီကမ်းခြေလေးက အတွေ့အကြုံရယူဖို့ အကောင်းဆုံး နေရာပါပဲ။

ကျားသစ်ငါးမန်းတွေဟာ အများအားဖြင့် မြောက်အမေရိကတိုက် ပစိဖိတ် ကမ်းရိုးတန်း တစ်လျှောက်မှာ ကျင်လည်ကျက်စားလေ့ရှိပါတယ်။ သူတို့ဟာခရီးဝေးသွားလေ့မရှိဘဲ မူလပေါက်ဖွားရာ ဒေသတစ်ဝိုက်မှာသာ ဘဝတစ်လျှောက် လုံးနေထိုင်လေ့ရှိပါတယ်။ ၁၉၈၀ ခုနှစ်က ငါးအလွန်အကျွံဖမ်းခြင်းနဲ့ သဘာဝ ပတ်ဝန်းကျင် ပျက်သုဉ်းခြင်း တို့ကြောင့် ကျားသစ်ငါးမန်းတွေကို မျိုးသုန်းလု အန္တရာယ် ကျရောက်နေတဲ့ ငါးစာရင်းထဲ ထည့်သွင်းခဲ့ပါတယ်။ ဒါပေမဲ့ ငါးအလွန်အကျွံဖမ်းတာကို တားမြစ်လိုက်ပြီးနောက်ပိုင်း ကျားသစ်ငါးမန်း မျိုးစိတ်တွေ အရင်ကလို ပြန်လည်ရှင်သန် ပေါက်ဖွားလာကြပါတယ်။











www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com




www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# ရွှေဖုံကြီးနှင့် မောင်ဝါးလေး



ဖားကလေးနဲ့ ကြာပန်းပျို့မတို့ပေးတဲ့ ထူးဆန်း အံ့ဩဖွယ်တူရိယာတွေကို တီးခတ်ပြီး အောင်မြင် ကျော်ကြားလာတဲ့ မောင်ဉာဏလေးဟာ ဘုရင့် နေပြည်တော်တစ်ခုလုံး အုံးအုံးကြွက်ကြွက် လူသိ များလာပါတယ်။ မိဘနှစ်ပါးကိုလည်း နေ ပြည်တော်မှာပဲ သူနဲ့အတူနေစေပြီး စိတ်လက် ချမ်းသာစွာနေထိုင်နိုင်အောင် ထောက်ပံ့စောင့် ရှောက်ထားလို့ မိဘတွေလည်း လယ်ယာ တို့အဖွဲ့ဟာ ဝါးရုံကြီးတစ်ရုံအနီးမှာ စခန်းချပြီး အမောဖြေကြသတဲ့။ နွားတွေကို အနားပေးရ သလို လူတွေလည်း အညောင်းဖြေအညာဖြေ လဲလျောင်းအနားယူကြ တာပေါ့။ မောင်ဉာဏ လည်း အရိပ်ကောင်းတဲ့ အပင်ကြီးတစ်ပင် အောက်က မြက်ခင်းလေးမှာ အနားယူတုန်း ထူး ဆန်းတဲ့ အသံတစ်ခုကိုကြားရသတဲ့။ အသံဟာ တိုးညင်းပြီးညင်သာလွန်းလို့ရုတ်တရက် ဘာသံ

ကျွန်တော်တို့ ဒီဝါးတောထဲမှာ နေရတဲ့ ဒုက္ခက လွတ်မယ်တဲ့၊ ခင်ဗျား ကျွန်တော်တို့ကို မကူညီ နိုင်ဘူးလားဗျာ၊ ခင်ဗျားသတိတဲ့ ဂီတပညာရှင် တွေကို ဒီကိုခေါ်လာပေးနိုင်ရင် ကျွန်တော်တို့ဘဝ လွတ်မြောက်ပြီဗျ" လို့ မောင်ဝါးလေးက ရှည်ရှည် လျားလျား ရှင်းပြရှာသတဲ့။ သူ့ကိုဂီတပညာရှင် မှန်း မသိသေးဘဲ အားကိုးတကြီးပြောပြလာတဲ့ မောင်ဝါးလေး ရဲ့ အဖြစ်ကို အံ့ဩမိသလို သနား လည်း သနားမိသွားတာပေါ့။ "ဒါဆို မင်းတို့က ကျိန်စာမိနေတာလား" လို့မောင်ဉာဏ မနေနိုင် မထိုင်နိုင်ဘဲ မေးလိုက်တော့ နဂိုက သနားကမား မျက်နှာနဲ့ မောင်ဝါးလေးဟာ ပိုပြီးသနားစရာဖြစ် အောင် ညှိုးငယ်သွားပြီး "အဲဒီလိုပဲဆိုပါစို့ဗျာ" လို့ မဖြေချင်ဖြေချင်နဲ့ ပြောပါလေရော။ ဒီတော့ အခြေအနေကို ရိပ်မိတဲ့ မောင်ဉာဏက "အို... ဒီလိုဖြင့် မပူပါနဲ့ဗျာ၊ ကျွန်တော်ကလည်း ဂီတ ပညာရှင်ပါပဲ၊ ကျွန်တော့်မှာ အဖွဲ့လိုက်ပါတဲ့အ ပြင် တူရိယာ ပစ္စည်းတွေလည်း အပြည့်အစုံပါ တာမို့ ကျွန်တော် ကူညီပါ့မယ်၊ ရလိုရငြားပေါ့ဗျား ကျွန်တော့် တေးဂီတသံကို ကြားရင်သာ ခင်ဗျား တို့ အထင်ပြေလွတ်မြောက်ကြပါစေလို့ ဆု တောင်းပါတယ်ဗျာ" လို့ပြောပြီး သူ့အဖွဲ့သားတွေ ကို လှမ်းခေါ်လိုက်သတဲ့။

မောင်ဉာဏရဲ့ ကူညီမယ့်အသံကိုလည်း တီးခတ်ကြဖို့ အဆင်သင့် ဖြစ်နေတော့သတဲ့၊ မောင်ဉာဏလေးအံ့ဩသလို ဝိုင်းတော်သားတွေ အားလုံးဟာလည်းမယုံကြည်နိုင်လောက်အောင် ထူးခြားတဲ့အဖြစ်တွေကြောင့် ရှုံ့စမ်းလို့တဲ့ မျက် နှာတွေ ကိုယ်စီနဲ့ပေါ့၊ ဒါပေမဲ့လည်း အဖွဲ့ခေါင်း ဆောင်ကိုဉာဏရဲ့ အစီအစဉ်အတိုင်း အားလုံး အသင့်နေအထားနဲ့ အကောင်းဆုံး တီးခတ်ဖို့ စိတ်အားထက်သန်နေကြတယ်လေ၊

"ကဲ ...မောင်ဝါးလေးရေ...ကျွန်တော် မောင်ဉာဏနဲ့ ဝိုင်းတော်သားများကတော့ တီး ခတ်ဖို့ အသင့်ဖြစ်နေပါပြီ၊ နားသောတဆင်ဖို့သာ ပြင်ကြပါဗျာ" လို့ မောင်ဉာဏလှမ်းပြောသတဲ့၊ "ကျေးဇူးကြီးလှပါတယ် ကိုဉာဏရယ်...ကျွန် တော်နဲ့ ဆွေတော်မျိုးတော်များ အားလုံးလည်း စိတ်လှုပ်ရှားစွာနဲ့ စောင့်မျှော်နေကြပြီ" ဆို မောင်ဝါးလေး ပြန်ပြောလိုက်တယ်၊ အဲဒီအခါကျ တော့မှ သတိထားကြည့်လိုက်တော့ တစ်ရှိန်လုံး ဝါးတောကြီးလို့ အောက်မေ့မိနေခဲ့တဲ့ ဝါးပင်တစ် ပင်စီမှာ ဝါးလိုလို၊ လူလိုလို သတ္တဝါနေ့တွေ အကုန်လုံးဖြစ်နေတာကို တွေ့လိုက်ရတယ်၊ သူ တို့တွေရဲ့ မျက်နှာတွေမှာလည်း မောင်ဉာဏကို အားကိုးတကြီးမျှော်လင့်နေတဲ့ ပုံကိုတွေ့ရသလို စိတ်လှုပ်ရှားနေပုံကိုလည်း တွေ့ရသတဲ့၊

အဲဒီနောက်တော့ မောင်ဉာဏဟာ ဆုံး

www.burmeseclassic.com

www.burmeseclassic.com

ဖားကလေးနဲ့ ကြာပန်းပို့မေတို့ပေးတဲ့ ထူးဆန်းအံ့ဩဖွယ်တူရိယာတွေကို တီးခတ်ပြီး အောင်မြင်ကျော်ကြားလာတဲ့ မောင်ဉာဏလေးဟာ ဘုရင့်နေပြည်တော်တစ်ရလုံး အုံးအုံးကြွက်ကြွက်လှုသိ များလာပါတယ်။ မိဘနှစ်ပါးကိုလည်း နေပြည်တော်မှာပဲ သူနဲ့အတူနေစေပြီး စိတ်လက်ချမ်းသာစွာနေထိုင်နိုင်အောင် ထောက်ပံ့စောင့်ရှောက်ထားလို့ မိဘတွေလည်း လယ်ယာအလုပ်ကို လုပ်စရာမလိုတော့ဘဲ သက်တောင့်သက်သာနဲ့ တရားဘာဝနာပွားများနေနိုင် တာပေါ့။ မိဘနှစ်ပါးကိသာမကဘူး သူ့ကို မေတ္တာလက်ဆောင်အဖြစ် တူရိယာတွေပေးအပ်ခဲ့တဲ့ ဖားကလေးနဲ့ ကြာပန်းပို့မေတို့ကိုလည်း မောင်ဉာဏလေးက ဘယ်တော့မှ မမေ့နိုင်တော့ဘူးတဲ့လေ။ ကျေးဇူးရှင် ဖားကလေးနဲ့ ကြာပန်းပို့မေတို့ရဲ့ ဂုဏ်ကျေးဇူးကို သိတတ်တဲ့ မောင်ဉာဏလေးဟာ နှစ်စဉ်လိုလို သူ့မွေးရပ်ဇာတိပြန်ပြီး ရွာအနီးက ရေအိုင်ကြီးအရှေ့မှာ ပွဲလမ်းသဘင်ကျင်းပလေ့ရှိသတဲ့။

တစ်ခါမှာတော့ မောင်ဉာဏဟာ သူ့ရဲ့နောက်လိုက်နောက်ပါအဖွဲ့တွေနဲ့ မွေးရပ်ရွာကို ပွဲသဘင်ကျင်းပဖို့သွားသတဲ့။ မင်းနေပြည်တော်နဲ့ အလှမ်းကွာဝေးတဲ့ သူ့မွေးရပ်ရွာကို သွားတဲ့အခါ ရေလှတစ်တန်၊ လှည်းတစ်တန်သွားရတယ်။ နွားလှည်းနဲ့ ခရီးသွားနေတုန်း ညနေစောင်းတော့ တောအုပ်ကြီးထဲရောက်သွားတာပေါ့။

တောထဲမှာ သစ်ပင်ကြီးတွေနဲ့အတူ ဝါးရုံပင်ကြီးတွေဟာ အရိပ်အာဝါသကောင်းတဲ့ အပြင် အုပ်အုပ်ဆိုင်းဆိုင်း ညို့ညို့မှိုင်းမှိုင်းပေါ့။ တစ်နေကုန် မနားတမ်းခရီးထွက်လာတဲ့ မောင်ဉာဏတို့အဖွဲ့ဟာ ဝါးရုံကြီးတစ်ရုံအနီးမှာ ခဏနားပြီး အမောဖြေကြသတဲ့။ နွားတွေကို အနားပေးရသလို လူတွေလည်း အညောင်းဖြေအညာဖြေလဲလျောင်းအနားယူကြ တာပေါ့။ မောင်ဉာဏလည်း အရိပ်ကောင်းတဲ့ အပင်ကြီးတစ်ပင်အောက်က မြက်ခင်းလေးမှာ အနားယူတုန်း ထူးဆန်းတဲ့ အသံတစ်ခုကိုကြားရသတဲ့။ အသံဟာ တိုးညှင်းပြီးညင်သာလွန်းလို့ရုတ်တရက် ဘာသံမှန်းမခွဲခြားနိုင်ဘူး။ သစ်ရွက်တွေလေတိုးသံလား၊ ဝါးအချင်းချင်းပွတ်တိုက်သံလား။ မောင်ဉာဏဟာ အသံလာရာကို ဂရုတစိုက် နားထောင်ကြည့်လိုက်တော့ ကိုယ့်နားကိုတောင် ကိုယ်မယုံနိုင်လောက်အောင် အံ့ဩမိသတဲ့။ ဂီတသံလိုလို၊ စကား ပြောသံလိုလိုကြားရတာက ဝါးရုံတောကြီးထဲက ကလေးငယ်လေးဆီက ဖြစ်နေသတဲ့။ ဒါပေမဲ့သူ့ခေါင်းမှာ ဆံပင်မွေး တွေ မရှိဘဲ ဝါးရွက်တွေသာပေါက်နေသတဲ့။ မောင်ဉာဏအံ့ဩပြီး "မင်း...မင်းဘယ်သူလဲ" ဆိုမေးလိုက်တော့ အဲဒီကောင်လေးက "ကျွန်တော်က မောင်ဝါးလေးပါခင်ဗျာ..." လို့ဖြေလိုက်သတဲ့။ ဝါးပင်လိုလိုလူလိုလိုဖြစ်နေပေမဲ့ စကား ကောင်းကောင်းပြောနိုင်တာမို့ မောင်ဉာဏလည်း အကြောက်နည်းနည်းလျော့သွားတာပေါ့။ "မင်းကဘယ်လိုလုပ်ပြီး ဒီမှာရောက်နေတာလဲ" လို့မောင်ဉာဏကမေးတော့ "ကျွန်တော်တို့ ဘိုးစဉ်ဘောင်ဆက် ဒီမှာပဲ နေခဲ့ကြတာပါဗျာ၊ ဒါပေမဲ့ တောထဲမှာပဲနေရတော့ ဂီတကိုနားမထောင်ရဘူးလေ၊ ကျွန်တော့်အဘိုးတွေကပြောတယ်၊ ဒီတောထဲကို ထူးခြားတဲ့ ဂီတပညာရှင်တစ်ယောက်လာပြီး အံ့ဩဖွယ်ရာ တူရိယာသံတွေ တီးခတ်ပြလို့ နားဆင်ရရင် [illegible] ပါတဲ့အပြင် တူရိယာ ပစ္စည်းတွေလည်း အပြည့်အစုံပါတာမို့ ကျွန်တော် ကူညီပါ့မယ်၊ ရလိုရငြားပေါ့ဗျာ။ ကျွန်တော့် တေးဂီတသံကို ကြားရင်သာ ခင်ဗျားတို့ အဆင်ပြေလွတ်မြောက်ကြပါစေလို့ ဆုတောင်းပါတယ်ဗျာ" လို့ပြောပြီး သူ့အဖွဲ့သားတွေကို လှမ်းခေါ်လိုက်သတဲ့။

မောင်ဉာဏရဲ့ ကူညီမယ့်အသံကိုလည်း ကြားရော မောင်ဝါးလေးရဲ့မျက်နှာဟာ တစ်မဟုတ်ချင်း ဝင်းပသွားပြီး တုန်တုန်ရင်ရင်နဲ့ စိတ်တွေလှုပ်ရှားသွားတာပေါ့၊ ပြီးတော့မှ..."ဟောဒီမှာ ဆွေတော်မျိုးတော် အပေါင်းတို့ရေ... ကျွန်တော်တို့ကို ကူညီပေးမယ့် ဂီတပညာကျော် ရောက်လာပြီဗျို့။ ကျွန်တော်တို့တွေ လွတ်မြောက်ကြရတော့မယ်။ အားလုံးနားသာစွင့်ထားကြပါဗျာ" လို့ အော်ပြောလိုက်သတဲ့။ ဒီအခါ ဝါးရုံတောကြီးတစ်ခုလုံးဟာ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး စကားသံလိုလို၊ ဝါးရွက်လေတိုးသံလိုလို အသံတွေနဲ့ တစ်တောလုံး ဆူညံသွားသတဲ့။

မောင်ဉာဏဟာလည်း သူ့ရဲ့ဝိုင်းတော်သားတွေကို ပြောဆိုညွှန်ကြားပြီး တူရိယာ ပစ္စည်းတွေကို လှည်းပေါ်က ဖြုတ်သူဖြုတ်၊ သယ်သူသယ်၊ ခင်းသူခင်း၊ ဆင်သူဆင်နဲ့ အလုပ်ရှုပ်နေရှာတာပေါ့။ တူရိယာတွေ တပ်ဆင်ရင်းက အံ့ဩစရာအဖြစ်အပျက်တွေနဲ့ ထူးခြားဆန်းပြားတဲ့ သူ့အတွေ့အကြုံတွေကိုလည်း မစဉ်းစားဘဲမနေနိုင်လောက် အောင် အံ့ဩနေမိသတဲ့။

ဒီလိုနဲ့ ထမင်းတစ်အိုးကျက်ခန့် အကြာမှာတော့ မောင်ဉာဏနဲ့ သူ့ရဲ့ဝိုင်းတော်သားတွေဟာ သက်ဆိုင်ရာ တူရိယာ အသီးသီးကို တော့မှ သတိထားကြည့်လိုက်တော့ တစ်ရုံလုံး ဝါးတောကြီးလို့ အောက်မေ့မိနေခဲ့တဲ့ ဝါးပင်တစ်ပင်စီမှာ ဝါးလိုလို၊ လူလိုလို သဏ္ဍာန်တွေ အကုန်လုံးဖြစ်နေတာကို တွေ့လိုက်ရတယ်၊ သူတို့တွေရဲ့ မျက်နှာတွေမှာလည်း မောင်ဉာဏကို အားကိုးတကြီးမျှော်လင့်နေတဲ့ ပုံကိုတွေ့ရသလို စိတ်လှုပ်ရှားနေပုံကိုလည်း တွေ့ရသတဲ့။

အဲဒီနောက်တော့ မောင်ဉာဏဟာ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချပြီးသည့် အလား မျက်နှာမှာ ယုံကြည်မှု အပြည့်ဖြစ်လာပြီး စတီးကြဖို့ သူ့ဝိုင်းတော်သားတွေကို အချက်ပြလိုက်ပါရော။ ဝိုင်းတောသားများရဲ့ စိတ်စေတနာ အပြည့်နဲ့ တီးခတ်ကြတဲ့ လက်သံဟာ မိုးထိညံသွားပြီး တစ်တောလုံးတစ်တောင်လုံး အနှံ့အပြား အကြားအလပ်မရှိ ပျံ့နှံ့သွားသတဲ့။ တခါတလေ ငြိမ့်ညောင်းညင်သာပြီး တခါတလေမှာ မြူးတူးသွက်လက်တဲ့ တေးသံဟာ တောကြီးတစ်ခုလုံးကို အသက်ဝင်သွားစေပါတော့တယ်။

မောင်ဉာဏကိုယ်တိုင်လည်း ကြိုးစားပြီး တီးခတ်တာပေါ့။ သီချင်းတစ်ပုဒ်ပြီး တစ်ပုဒ်၊ တေးသွားတစ်ပိုဒ်ပြီးတစ်ပိုဒ် ပြောင်းသွားတိုင်း နားထောင်နေကြတဲ့ မောင်ဝါးလေးနဲ့ ဝါးရုံတစ်တောလုံးဟာ အသက်မရှူနိုင်လောက်အောင် ငြိမ်သက်စွာ အားပေးနေကြသတဲ့။

အချိန်တန်ကြာတီးခတ်ပြီးတဲ့အထိ ထူးထူးခြားခြား ပြောင်းလဲမှုမရှိတဲ့ မောင်ဝါးလေးနဲ့ အဖွဲ့ဟာ နည်းနည်းစိတ်ပျက်စ ပြုလာသတဲ့၊ သူတို့ထင်ထားသလို မောင်ဉာဏရဲ့ ဂီတသံဟာ သူတို့ဘဝလွတ်မြောက်မှုကို ပေးနိုင်မှာ မဟုတ်ဘူးလို့ ထင်လာကြသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဉာဏကိုယ်တိုင်လည်း မောပန်းနေသည် အထိ တီးခတ်ပေမဲ့ မောင်ဝါးလေးတို့ မျက်နှာဟာ တဖြည်းဖြည်း ယုံကြည်မှု ကင်းမဲ့သလိုဖြစ်လာ တာကို သတိထားမိတာပေါ့။ ဒါနဲ့ မောင်ဉာဏ လည်း တီးလက်စ တူရိယာတွေနဲ့ ဗိုင်းတော်တီး တွေကို ရပ်လိုက်ပြီး အခြေအနေကို အကဲခတ် ကြည့်တယ်၊ မောင်ဝါးလေးနဲ့ ဝါးရုံတစ်တောလုံး ဟာ ရွေးစီးတွေထွက်ပြီး ပင်ပန်းညိုးငယ်တဲ့ မျက်နှာကိုယ်စီနဲ့ ဖြစ်နေတာကို တွေ့လိုက်ရ သတဲ့။

ဒီအခါမှာ မောင်ဉာဏဟာ သူ့ရဲ့ရွှေဖုံကြီး ကိုလှမ်းယူလိုက်ပြီး ရုတ်တရက်တီးခတ်လိုက် သတဲ့၊ ရွှေဖုံကြီးရဲ့အသံဟာ အခြားတူရိယာသံ တွေနဲ့ မတူဘဲ တစ်မျိုးတစ်ဘာသာ ထူးခြားပြီး သာယာနာပျော်ဖွယ်ဖြစ်တာမို့ ကြားရသူတိုင်း ဝမ်းသာရွှင်လန်းမှုကို ပေးနိုင်တယ်လေ၊ ရွှေဖုံ ကြီးသံကို ကြားရတယ်ဆိုရင်ပဲ မောင်ဝါးလေးနဲ့ ဝါးတောတစ်ခုလုံး ဝေါကနဲ အသံထွက်လာသ တဲ့၊ သူတို့မျက်နှာတွေဟာ စိတ်အားထက်သန်မှု အပြည့်နဲ့ပြန်ဖြစ်လာပြီး တဖြည်းဖြည်းကြည်လင် ဝင်းပလာကြတယ်၊ ပြုံးလာကြတယ်၊ ပျော်လာ ကြတယ်၊

မောင်ဉာဏလည်း ကျွမ်းကျင်ပိုင်နိုင်စွာ အဆက်မပြတ် တီးခတ်တယ်၊ သူကိုယ်တိုင် လည်း ပျော်ရွှင်လာတယ်၊ ခဏအကြာမှာတော့ ဝါးတောထဲက လှုပ်လှုပ်ရှားရှားဖြစ်လာပြီး လူ တွေထွက်လာကြတယ်၊ ရှေ့ဆုံးက ဦးဆောင် လာတာကတော့ မောင်ဝါးလေးပေါ့၊ သူတို့ဟာ ဝါးရုံပင်ကြီးတွေဆီကလွှတ်မြောက်လာပြီး မောင် ဉာဏရှိရာကို စုရုံးရောက်လာကြတယ်၊ ရွှေဖုံကြီး သံနဲ့အတူ ပျော်ပျော်ရွှင်ရွှင် ကခုန်ပြီး ပြေးလွှား လာကြတယ်၊

မောင်ဉာဏကို ဗိုင်းပတ်ပြီး ရွှေဖုံကြီးသံနဲ့ ကခုန်နေကြတဲ့ သူတို့ကိုကြည့်ပြီး ဗိုင်းတော် တီးသမားတွေလည်း ပျော်ရွှင်နေကြသတဲ့၊ ဒီလို နဲ့တစ်တောလုံးပျော်ရွှင်စွာ ကခုန်ပြီး နောက် ဆုံးမှာ ရွှေဖုံကြီးသံရပ်သွားတော့ အားလုံးရဲ့ ဝမ်း ပမ်းတသာ ရှိုးကျူးအော်ဟစ်လိုက်တဲ့ အသံကြီး ထွက်လာတယ်၊ "လွတ်ပြီ...လွတ်ပြီ"

"ဆရာလေး..မောင်ဉာဏ...ကျန်းမာ ပါစေ...ချမ်းသာပါစေ....အသက်ရာကျော်ရှည်ပါ စေ..."

မောင်ဉာဏလည်း ဖားကလေး ပေးထား တဲ့ ရွှေဖုံကြီးရဲ့အစွမ်းထက်ပုံကို မျက်ဝါးထင်ထင် တွေ့ရလို့ ကျေးဇူးရှင် ဖားကလေးကို ကျေးဇူး တင်လို့မဆုံးဖြစ်ရတာပေါ့၊ ဒီတူရိယာနဲ့ လူ့အ သက်ပေါင်းများစွာကို ကူညီကယ်တင်ပေးလိုက် နိုင်ပြီ မဟုတ်လား၊ နောက်တစ်နေ့မှာတော့ မောင်ဉာဏနဲ့အဖွဲ့ ခရီးဆက်လက်ထွက်ခွာသွား တာကို လက်ပြနှုတ်ဆက် နေတဲ့ မောင်ဝါးလေးနဲ့ အဖွဲ့ကြီးကို တွေ့ကြရသတဲ့ကွယ်၊

ထွန်းထွန်း(ဂီတမိတ်)

## JOKES


### ယူဖို့စောင့်နေတာ

တစ်နေ့ ဂျွန်နီလေး ကျောင်းကို အတော်လေး နောက်ကျမှ ရောက်သွားပါတယ်၊ ဒီတော့ ဆရာမက "ဂျွန်နီ ...ဒီနေ့ ဘာလို့ ကျောင်းနောက်ကျတာလဲ" ဆို မေးလိုက်တယ်၊

"ကားဂိတ်မှာ လူကြီးတစ်ယောက် ပိုက်ဆံကျပျောက်တာလိုက်ရှာနေလို့ပါ ဆရာမ"

"ဘာလဲ ...သူ့ကို ပိုက်ဆံ ကူရှာပေးလို့ နောက်ကျသွားတာလား" ဆရာမ ထပ်မေးလိုက်တယ်၊

အဲဒီမှာ ဂျွန်နီ ပြန်ဖြေလိုက်တာက "မဟုတ်ဘူး ဆရာမ ...သူကျသွားတဲ့ ပိုက်ဆံကို ကျွန်တော် နင်းထားလို့" ပါတဲ့၊




www.burmeseclassic.com

www.burmeseclassic.com

# HAPPY BIRTHDAY


မောင်ထက်အောင်
၃၁.၇.၁၉၉၉


မဖြူးအိမ့်ပြာနွယ်
၃၁.၇.၂၀၀၅


မနိုင်တော်ဝင်
၃၁.၇.၁၉၉၄


မထက်သဇင်မျိုးလွင်
၁.၈.၁၉၉၈


မောင်ပိုင်မင်းချစ်
၁.၈.၁၉၉၆


မောင်ခန့်နိုင်ဝင်း
၁.၈.၁၉၉၄


မောင်ကျော်စည်သူ
၁.၈.၁၉၈၅


မအေးမိုမို့မှော်
၁.၈.၁၉၉၃


မောင်ဂျူနီ
၃.၈.၁၉၉၂


မောင်ဩရသွယ်
၃.၈.၁၉၉၇


မောင်ပိုင်ခန့်
၃.၈.၁၉၉၅


မမေမြတ်နိုးကျော်
၂.၈.၂၀၀၁


မဇင်သူဇာနိုင်
၂.၈.၁၉၉၄


မောင်ရဲလွင်အောင်
၄.၈.၁၉၉၃


မမေရှိ
၄.၈.၁၉၉၃


မနွယ်နီဦးဝေ
၄.၈.၁၉၉၈


မောင်သက်ပိုင်မျိုး
၅.၈.၁၉၉၅


မနန္ဒာဦးဝေ
၄.၈.၁၉၉၈


မမြတ်သုမြီမိုးမြင့်
၄.၈.၁၉၉၇


မောင်ရဲဝေယံ
၅.၈.၁၉၉၈


မမာလာအောင်
၅.၈.၁၉၈၄


မလှိုင်ဝင်းဖြူ
၅.၈.၁၉၉၂



မောင်ရဲရင့်ကို
၅.၈.၁၉၉၈


မောင်တင်ကိုကို
၆.၈.၁၉၉၄




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com






www.burmeseclassic.com


ဒီလို - ခွေ - လှိမ့်လို့ ရတယ်...

www.burmeseclassic.com




www.burmeseclassic.com

facebook www.burmeseclassic.com/PutetComics





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com
ပုတက်ကာတွန်းကို facebook မှာလည်း Like လုပ်ပေးပါဦးနော်။



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




နောက်ကျောဖုံးမှအဆက်




www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




စာမျက်နှာ ၃၉ သို့

ပုတက် Putet Comics ကြာသပတေးနေ့တိုင်းဝယ်ဖတ်နော် ပုတက် Putet Comics
www.burmeseclassic.com